ISP On Point

Conflict, Peace and Security

# မတ် ၂၈ စစ်ကိုင်းငလျင်ဘေးဆိုးကြီး
# ငလျင်သံခင်းတမန်ခင်းနှင့် နောက်ဆက်တွဲနိုင်ငံရေးငလျင်များ



Photo : EPA

PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

# မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**‘မတ် ၂၈ စစ်ကိုင်းငလျင်ဘေးဆိုးကြီး-ငလျင်သံခင်းတမန်ခင်းနှင့် နောက်ဆက်တွဲ နိုင်ငံရေးငလျင်’** ကနဦးသုံးသပ်ချက် အမှတ်-၂၃ ကို ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။
info@ISPMyanmar.com | www.ISPMyanmar.com

## ဖြစ်ရပ်အချက်အလက်

၂၀၂၅ ခုနှစ် မတ် ၂၈ စစ်ကိုင်းငလျင်ဘေးဆိုးကြီးနဲ့ပတ်သက်ပြီး ကူညီကယ်ဆယ်ဖို့အတွက် နာရီ ၆၀ အတွင်း တရုတ်၊ အိန္ဒိယ၊ ရုရှား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနဲ့ ဗီယက်နမ် စတဲ့နိုင်ငံတွေက ကယ်ဆယ်ရေးအဖွဲ့ဝင်တွေ ထောင်ချီရောက်လာပြီး ကူညီမှုတွေ လုပ်နေပါပြီ။ ကုလသမဂ္ဂ၊ ဥရောပ သမဂ္ဂနဲ့ အာဆီယံအပြင် အမေရိကန်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနဲ့ နော်ဝေ စတဲ့နိုင်ငံ တွေကလည်း စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၀ ထက်မနည်း အကူအညီပေးဖို့ ကတိကဝတ် ပြုထားပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ငလျင်ဒဏ်သင့်ဒေသတွေနဲ့ ဆက်စပ် ခရိုင်တွေအတွင်း (ခုခံကာကွယ်စစ်ကလွဲလို့) ရက်သတ္တနှစ်ပတ်တာ အပစ်ရပ်နားကြောင်း ကြေညာ ခဲ့ပါတယ်။ ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ ရှမ်းပြည်ပူးပေါင်းဆောင်ရွက်ရေးကော် မတီ (SSJAC) နဲ့ မိုင်းလား ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ (PSC)တို့ကလည်း ငွေကြေးလှူ ဒါန်းကူညီမှုတွေပေးမယ်လို့ ကြေညာခဲ့ပါတယ်။ ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA)၊ ကချင်လွတ်လပ် ရေးအဖွဲ့ (KIO)နဲ့ ကရင်အမျိုးသားအစည်းအရုံး (KNU) စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေကလည်း ငလျင်ဒဏ်သင့်ပြည်သူတွေကို စာနာကြောင်း ကြေညာချက်အသီးသီး ထုတ်ပြန်ခဲ့ပြီး တတ်နိုင်တာတွေ ကူညီပံ့ပိုးမယ်လို့ ပြောခဲ့ကြပါတယ်။ စစ်ကောင်စီက စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေနဲ့ ပဲခူးတိုင်းတို့ကို အရေးပေါ်အခြေအနေ သတ်မှတ်ပြီး ငလျင်ကယ်ဆယ်ရေးတွေလုပ်နေပါတယ်။ တဖက်မှာလည်း ငလျင်ဒဏ်သင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေက မြို့တွေအပါအဝင် ကချင်ပြည်နယ်မှာပါ ထိုးစစ် နဲ့ လေကြောင်းတိုက်ခိုက်မှုတွေကို ဆက်လုပ်နေပါတယ်။

## ကနဦးသုံးသပ်ချက်

‘မတ် ၂၈ စစ်ကိုင်းငလျင်ကြီး’ဟာ မြန်မာ့လူ့အဖွဲ့အစည်းမှာ ကြုံရတဲ့ အကြီးမားဆုံးသော အကျပ်အ တည်း သိမ့်ခါမှုတခု ဖြစ်နိုင်ဖွယ်ရှိပါတယ်။ ဒီငလျင်ဘေးကြောင့် တိုက်ရိုက်တွက်ချက်ရနိုင်တဲ့ သေ ကျေပျက်စီးဆုံးရှုံးမှု (absolute toll) အပြင် နောက်ဆက်တွဲ ကူးစက်ရောဂါဘေး၊ အငတ်ဘေး၊ ရာဇဝတ်မှုဘေး စတာတွေကြောင့်ဖြစ်မယ့် သေကျေပျက်စီးဆုံးရှုံးမှု (relative toll) ပမာဏဟာ ကြီး မားပါတယ်။ အထူးသဖြင့် ငလျင်ဟာ တိုင်းပြည်ရဲ့ လူဦးရေသိပ်သည်းတဲ့ဒေသ၊ စီးပွားရေးနဲ့ အုပ်ချုပ် ရေးအချက်အချာဒေသတွေ၊ ပဋိပက္ခအရှိန်မြင့်တဲ့ဒေသတွေမှာ ဖြစ်တာလား၊ လူဦးရေသိပ်သည်းဆ၊ ဖွံ့ဖြိုးမှုနဲ့ ပဋိပက္ခနည်းတဲ့ဒေသတွေမှာ ဖြစ်တာလား စတာတွေကို အခြေပြုပြီး ပျက်စီးမှုကို တွက် ချက်ဖို့ လိုအပ်ပါတယ်။ ဒီလိုတွက်ချက်ချင့်ချိန်မှုကသာ ဆုံးရှုံးမှုရဲ့ပမာဏကိုသာမက ကူညီကယ်

ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး ထိရောက်မှုကိုလည်း မှန်းဆနိုင်စေပါတယ်။ ဥပမာ- ‘မတ် ၂၈ စစ်ကိုင်းငလျင်ကြီး’လိုမျိုး မန္တလေး၊ စစ်ကိုင်းနဲ့ နေပြည်တော်လို မြို့ပြတွေမှာ ဗဟိုပြုလှုပ်ခတ်တာဟာ တိုက်ရိုက်ပျက်စီးမှု စာရင်းကိုသာမကဘဲ အခြေခံအဆောက်အအုံပျက်စီးမှု၊ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ သမိုင်းအမွေအနှစ်တွေ ပျက်စီးမှု၊ စီးပွားရေးနဲ့ ကျွမ်းကျင်တဲ့လူသားအရင်းအမြစ်ပျက်စီးမှုအပြင် အုပ်ချုပ်ရေးယန္တရားအလုပ်မဖြစ်မှု စတဲ့ နောက်ဆက်တွဲ ဆင့်ကဲဆိုးကျိုးတွေ ပိုကြီးတာ သတိပြုမိနိုင်ပါတယ်။ ငလျင်ဘေးကြီးရဲ့ သက်ရောက်မှုဟာ ဗမာဒေသတွေကို အဓိက ရိုက်ခတ်တာတွေ့နိုင်ပါတယ်။ အထူးသဖြင့် စစ်ကောင်စီရဲ့ ထိန်းချုပ်ဒေသအများစုဖြစ်နေပြီး စစ်ကောင်စီနဲ့ များပြားလှတဲ့ ဒေသခံတော်လှန်ရေးအင်အားစုတွေအကြား တင်းကြိုပဋိပက္ခတွေဖြစ်နေတဲ့ အညာဒေသမှာ ထိခိုက်မှုကြီးမားခဲ့ပါတယ်။ ကျန်တဲ့ တိုင်းရင်းသားလက်နက်ကိုင် (EAOs) တွေနဲ့ ဆက်စပ်တော်လှန်ရေးအင်အားစုတွေ ထိန်းချုပ်တဲ့ဒေသတွေမှာ သက်ရောက်မှု သိပ်မရှိတာကို ဒေတာတွေအရ သိရပါတယ်။ တဖက်မှာလည်း ငလျင်ဘေးကြောင့် မြန်မာ့လူမှုစီးပွားစိန်ခေါ်မှုဟာ စိုးရိမ်ဖွယ် အကျပ်အတည်း (acute crisis)  အဆင့်ကနေ ဒေသအလိုက် (ဥပမာ- လျှပ်စစ်မီးနဲ့ ကျန်းမာရေးစနစ်လို) စနစ်ပြိုလဲမှု (system breakdown) အထိ ဖြစ်ခဲ့ပါတယ်။

ဒီအခြေအနေမှာ နိုင်ငံတကာ (အနိမ့်ဆုံးအနေနဲ့ ဒေသတွင်းနိုင်ငံတွေ)ရဲ့ စိတ်စေတနာဟာ တန်ဖိုးထားလေးနက်စရာပါ။ လွန်ခဲ့တဲ့ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းလောက်ကစပြီး မြန်မာ့စစ်မက်နဲ့ ပဋိပက္ခအရှိန်လျှော့ချ အပစ်ရပ်ရေးကို ညှိနှိုင်းဖျန်ဖြေရာမှာ ကုန်သွယ်ရေး၊ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းပရောဂျက်ကြီးတွေအပေါ် မူတည်ပြီး (de-escalation through trade, commerce, and investment projects) စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား အကျိုးအမြတ်ဝေစုခွဲဝေတဲ့စနစ်ကို လက်ခံရေး အိမ်နီးချင်းနိုင်ငံတချို့က တွန်းအား၊ ဖိအားပေးခဲ့ကြပါတယ်။ အခုတော့ ဒီငလျင်ဘေးကြီးကြောင့် လူသားစာနာအကူအညီပေးရေးပေါ်အခြေခံပြီး အပစ်အခတ်ရပ်စဲကြဖို့ (humanitarian ceasefire) ပြန်လည်အားပေးလာနိုင်ခြေရှိတာတွေကိုလည်း သတိပြုနိုင်ပါတယ်။ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန် (Vivian Balakrishnan) ကဆိုရင် အခုလို သေရေးရှင်ရေးကာလမှာ လူသားစာနာအပစ်ရပ်စဲရေးဆောင်ရွက်ကြဖို့ မတ် ၃၀ ရက်မှာ တောင်းဆိုခဲ့ပါသေးတယ်။

အကျပ်အတည်းကို အဟောသိကံမဖြစ်စေနဲ့ဆိုတဲ့ စကားဟာ ဖန်တရာတေ ပြောနေကြရသလို ဖြစ်နေပါပြီ။ အကျပ်အတည်းဆိုတဲ့ အင်္ဂလိပ်စကား ‘crisis’ ဟာ ဂရိဝေါဟာရ ‘krisis’က ဆင်းသက်လာပြီး turning point အလှည့်အပြောင်းလို့ အဓိပ္ပာယ်ထွက်ပါတယ်။


Conflict, Peace and Security

# ငလျင်ဒဏ်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသက အဆိုးရွားဆုံးခံခဲ့ရ

## အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၉၀

ISP Mapping

၂၀၂၅ ခုနှစ် 'မတ် ၂၈ စစ်ကိုင်းငလျင်ကြီး'၏ အဖျက်စွမ်းအားကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသက အဆိုးရွားဆုံး ခံခဲ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင် (EAOs) များနှင့်တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်မြေများနှင့် နှိုင်းယှဉ်ပါက စစ်ကောင်စီထိန်းချုပ်ထားသည့် နယ်မြေများ၌ ငလျင်ဒဏ်သက်ရောက်မှု ပိုကြီးခဲ့ပါသည်။




**၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ (*) မြေငလျင်သက်ရောက်မှု Vector Data Layer ကို အမေရိကန်ပြည်ထောင်စု ဘူမိဗေဒစစ်တမ်းအဖွဲ့ (USGS) ၏ ထုတ်ပြန်ချက်များအပေါ် အခြေခံထားသော The Guardian သတင်းဌာန၏ ဖော်ပြချက်မှ ရယူထားပါသည်။


Conflict, Peace and Security

# ငလျင်ဒဏ်သင့်နေသော်လည်း စစ်ကောင်စီက လေကြောင်းတိုက်ခိုက်နေဆဲ

အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၉၁

ISP Mapping

၂၀၂၅ ခုနှစ် ‘မတ် ၂၈ စစ်ကိုင်းငလျင်ကြီး’ဒဏ်ကို ဆိုးရွားစွာခံနေရသော်လည်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ ဆက်ရှိနေပါသည်။ ငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း သုံးရက်အတွင်း **မြို့နယ်ပေါင်း ၁၁ ခုထက်မနည်း**တွင် လေကြောင်းတိုက်ခိုက်မှု **၂၃ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများမှာ ငလျင်ဒဏ်ခံခဲ့ရသော ဘုတလင်၊ ချောင်းဦး၊ ပေါက်၊ စလင်း စသည့်ဒေသများတွင်ပါ ရှိခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကမူ ငလျင်ဒဏ်သင့်ဒေသများနှင့် ဆက်စပ်ခရိုင်များတွင် (ခုခံကာကွယ်စစ်မှလွဲ၍) ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်နားကြောင်း ကြေညာထားသည်။




**၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ၃၁ ရက်အတွင်း အချက်အလက်များ ဖြစ်သည်။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ (*) မြေငလျင်သက်ရောက်မှု Vector Data Layer ကို အမေရိကန်ပြည်ထောင်စု ဘူမိဗေဒစစ်တမ်းအဖွဲ့ (USGS) ၏ ထုတ်ပြန်ချက်များအပေါ် အခြေခံထားသော The Guardian သတင်းဌာန၏ ဖော်ပြချက်မှ ရယူထားပါသည်။

## လူ ၁၇ သန်းခန့် 'မတ် ၂၈ စစ်ကိုင်းငလျင်ကြီး'ဒဏ်ကို ရင်ဆိုင်ရနိုင်

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြီး၏ သက်ရောက်မှုဒဏ်ကို စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် နေထိုင်လျက်ရှိသော လူဦးရေ ၁၇ သန်းခန့် ရင်ဆိုင်ရနိုင်ပါသည်။




အမေရိကန်ပြည်ထောင်စု ဘူမိဗေဒစစ်တမ်းအဖွဲ့ (USGS) ၏ ထုတ်ပြန်ချက်များအရ မာကာလီပြင်းထန်မှုနှုန်း (Modified Mercalli Intensity) ၅.၅ (အလယ်အလတ်) မှ ၈.၅ (လွန်စွာပြင်းထန်)အတွင်း ခံစားခဲ့ရသည့်ခရိုင်များကို စာရင်းပြုစုပြီး နောက်ဆုံးရရှိသည့် လူဦးရေစာရင်းများအပေါ် အခြေခံကာ ငလျင်ဒဏ်ခံစားရသော လူဦးရေကို တွက်ချက်ထားခြင်း ဖြစ်ပါသည်။


အလှည့်အပြောင်းကာလဆိုတာ ကြုံတွေ့နေရတဲ့စိန်ခေါ်မှုကို ရှိရင်းစွဲ ဖြေရှင်းပုံနည်းလမ်းတွေနဲ့ ဖြေရှင်းဖို့မလုံလောက်တော့တဲ့အခါ ဖြေရှင်းနည်းအသစ်တွေကို တီထွင်ကြံဆဖို့ ဖိအားပေးတဲ့ကာလမျိုး ပါပဲလို့ သုတေသီတွေကဆိုပါတယ်။ ဒါပေမဲ့ ငလျင်ဘေးကို အကျပ်အတည်းလို့ မရှုမြင်ဘဲ ယာယီပြဿနာ၊ လမ်းပျက်လို့ လမ်းပြင်နေတုန်း ကွေ့ပတ်သွားဖို့ အချိန်ပေးရတဲ့ စိန်ခေါ်မှုသာဖြစ်ပြီး လမ်းသစ်ထွင်စရာ၊ ရှာစရာမလိုဘူး၊ အပေါက်ဖာပြီး ဆက်လျှောက်လို့ရတယ်ဆိုတဲ့ အမြင်မျိုးလည်း ရှိတတ်ကြပါတယ်။ ဒီအမြင်ဟာ ကပ်ဘေးအကျပ်အတည်းရဲ့ရိုက်ခတ်မှုကို တိုက်ရိုက်တွက်ချက်ရနိုင်တဲ့ သေကျေပျက်စီးဆုံးရှုံးမှု ဘောင်တခုတည်းခတ်ကြည့်ပြီး နောက်ဆက်တွဲ ပျက်စီးဆုံးရှုံးမှုပမာဏနဲ့ လူ့ဘောင်စနစ်တည်ဆောက်ပုံ ပျက်ယွင်းမှုကို ထည့်မစဉ်းစားသလို ဖြစ်နေပါတယ်။

# ပြင်းအားအဆင့် ၃ နှင့်အထက် ငလျင် ၅၁ ကြိမ်လှုပ်ခတ်ခဲ့

အလေးထားရမည့် ဒေတာအချက်အလက် အမှတ်-၁၅၀ 

ISP Data Matters

စစ်ကောင်စီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၂၅ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံတွင် **ပြင်းအားအဆင့် ၃ နှင့်အထက်** ငလျင်လှုပ်ခတ်မှု **၅၁ ကြိမ်**ရှိခဲ့သည်။ 'မတ် ၂၈ စစ်ကိုင်းငလျင်ကြီး' မတိုင်မီ ပြင်းအားအဆင့် ၃ နှင့်အထက် ငလျင် **၁၀ ကြိမ်**လှုပ်ခဲ့ပါသည်။




၂၀၂၅ ခုနှစ် မတ် ၁ ရက်မှ ၃၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း လှုပ်ခတ်မှုများနှင့်ပတ်သက်ပြီး စစ်ကောင်စီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်များအပေါ် ကိုးကားထားသည်။ ထိုင်းနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာန၏ ငလျင်လေ့လာမှုဌာနခွဲကမူ မတ် ၃၁ ရက် ညနေ ၄ နာရီ ၅၀ မိနစ်အထိ ပြင်းအားအဆင့် ၃ နှင့်အထက်ရှိသော နောက်ဆက်တွဲငလျင်လှုပ်ခတ်မှု ၁၅၇ ကြိမ်အထိ ရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

ငလျင်ဘေးနဲ့ ကယ်ဆယ်ကူညီရေးတွေမှာ သိပ္ပံပညာရပ်နဲ့ လူသားချင်းစာနာမှု အကူအညီပေးရေး ဆိုင်ရာ ကျွမ်းကျင်တဲ့ သက်ဆိုင်ရာပညာရှင်တွေ၊ လက်တွေ့ဆောင်ရွက်နေသူတွေရဲ့ ထုတ်ဖော်ပြော ဆိုမှုတွေကို အလေးအနက် နားထောင်ရမှာဖြစ်ပါတယ်။ ISP-Myanmar အနေနဲ့ကတော့ အရေးပေါ် ကယ်ဆယ်ရေးအဆင့်ပြီးသွားရင် ကြုံရဖွယ်ရှိတဲ့ နောက်ဆက်တွဲ နိုင်ငံရေးငလျင်တွေ (political aftershocks) အကြောင်း ဖြစ်တန်ခြေကို အကဲဖြတ်လိုပါတယ်။ ပထမဆုံးဖြစ်တန်ခြေက စစ် ကောင်စီရဲ့ အုပ်ချုပ်ရေးယန္တရားပြတ်တောက်တာ၊ အရည်အချင်းညံ့ဖျင်းတာ၊ အဂတိလိုက်စားတာ၊ လုံခြုံရေးကို ဦးထိပ်တင် စဉ်းစားလေ့ရှိတဲ့အတွက် အကြောက်လွန်ပြီးဖိနှိပ်တာ၊ မဟာဗျူဟာ အခွင့်ကောင်းယူပြီး ပြည် တွင်းပြည်ပအကူအညီတွေကို ထိန်းချုပ်တာ၊ လမ်းကြောင်းပြောင်းယူတာ၊ ပိတ်ဆို့တာစတဲ့အတိတ်က ဖြစ်ခဲ့ဖူးသလို ထပ်ဖြစ်နိုင်ခြေလည်းများတာကြောင့် လူထုအမျက်ဒေါသ ထွက်တာကို ကြုံရနိုင်ပါတယ်။ တော်လှန်ရေးအဖွဲ့တွေနဲ့ ပြည်ပရောက် မြန်မာတက်ကြွလှုပ်ရှားသူ တွေကလည်း ငလျင်ဘေးအကူအညီကို နိုင်ငံရေးပလက်ဖောင်းသဖွယ် သဘောထားပြီး စစ်ကောင်စီ ကို ထောက်ခံမှု၊ အခွင့်အရေးသာစေမှု၊ တရားဝင်မှု (legitimacy) မရရှိစေရေး ဝါဒဖြန့်ချိရေးကမ်ပိန်း တွေ၊ လှုပ်ရှားအရေးဆိုမှုတွေ ပိုလုပ်ဖွယ်ရှိပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ဒီငလျင်ဘေးကြောင့် စစ်ကောင်စီကျင်းပဖို့ ပြင်ဆင်နေတဲ့ ရွေး ကောက်ပွဲရွှေ့ဆိုင်းသွားနိုင်ခြေပါပဲ။ ငလျင်ဘေးကို ခံရတဲ့ဒေသတွေဟာ စစ်ကောင်စီထိန်းချုပ်ရာ နယ်မြေတွေ အဓိကဖြစ်တာမို့ စီမံခန့်ခွဲမှုအရ ခက်ခဲသွားနိုင်တာ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကောင်စီ အခြေတည်ရာ နေပြည်တော်ဟာလည်း မန္တလေး၊ စစ်ကိုင်းတို့နဲ့မခြား ပြိုပျက်သွားပုံရပါတယ်။ ဒီ အခြေအနေမှာ ရွေးကောက်ပွဲတွေကို စစ်ခေါင်းဆောင်ပြောထားတဲ့အတိုင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ မှာ စစ်ကောင်စီက အတင်းတွန်းလုပ်မယ်ဆိုရင် နာဂစ်မုန်တိုင်းကာလက ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ဆန္ဒခံယူပွဲကို ဇွတ်လုပ်တာထက် ပိုဆိုးမယ့် နာကျင်နာကြည်းချက်မျိုးတွေ တိုးလာစရာရှိပါတယ်။

တတိယဖြစ်တန်ခြေကတော့ အုပ်စိုးမှုပုံစံ (regime types) ဘယ်လိုပဲရှိရှိ (အတိတ်ကလည်း ပဒေ သရာဇ်၊ ပါလီမန်စနစ်၊ တပါတီစနစ်၊ စစ်အာဏာရှင်စနစ်နဲ့ စစ်တပ်ဗိုလ်အာဏာကိုင်စွဲတဲ့ ဒီမိုကရေစီ စနစ် စသည်ဖြင့်ရှိခဲ့သလို နောင်အနီးခေတ်မှာ ဘယ်လိုစနစ်သစ် ပေါ်ထွန်းစေကာမူ) ဒီငလျင်ဘေး ကြီးရဲ့ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံတွင်းက လူများစုဖြစ်တဲ့ ဗမာ့လူ့အဖွဲ့အစည်းဟာ ဦးစွန်းယိုင် ဆင်းသွားရပြီး ဗမာ့လူ့ဘောင်တည်ဆောက်ပုံအပြောင်းအလဲ (structural shifts) တွေ ကြုံရနိုင်ပါ တယ်။ ဥပမာ- အပျက်အစီးပုံတွေကြားကနေ အိုးအိမ်၊ တိုက်တာ၊ အဆောက်အအုံ စတာတွေကို

ပြန်လည်ထူထောင်ရေးလုပ်နိုင်ဖို့ ငွေပင်ငွေရင်းမရှိတာမို့ ဒေသခံမိသားစုတွေအနေနဲ့ ခြံမြေတွေကို ထိုးရောင်းကြရာကနေ ပြည်တွင်းပြည်ပ နေရပ်ရွှေ့ပြောင်းမှု (migration and displacement) တွေ ကြီးကြီးမားမား ဖြစ်ဖွယ်ရှိပါတယ်။ စစ်ရေးပဋိပက္ခနဲ့ စစ်မှုထမ်းဥပဒေကြောင့် ဖြစ်နေတဲ့နေရပ်စွန့်ခွာမှုတွေကိုပါ ပေါင်းတွက်ရင် ဗမာတွေအတွက် ဇာတိမြေက အမြစ်နုတ်ခံရမှုနဲ့ ငွေအရင်းရွှေ့ပြောင်းရမှု (capital flight)တွေ ပိုဖြစ်လာဖွယ်ရှိပါတယ်။ ဒါက မျိုးဆက်သစ်လူငယ်တွေအတွက် ပညာ၊ ကျန်းမာ စတဲ့ ပြတ်တောက်မှုကြီးတွေကို ကာလတခုအထိ ဖြစ်စေနိုင်ပါတယ်။ တနည်းအားဖြင့် ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေကြုံနေရတဲ့ လူမှုတည်ဆောက်ပုံရွှေ့လျောမှုကို ဗမာတွေ ဒုတ်ဒုတ်ထိ ကြုံရဖို့ ဖြစ်တန်ခြေများလာနေတာပါပဲ။

ဒီဖြစ်တန်ခြေကို အားဖြည့်ပေးတာက စတုတ္ထအချက်ဖြစ်တဲ့ မြန်မာလက်နက်ကိုင်ပဋိပက္ခတွေရဲ့ သဘောသဘာဝ ဖြစ်ပါတယ်။ လျှောင်ဘေးနဲ့ပတ်သက်ရင် EAOs တွေရဲ့ စာနာကူညီမှုတွေက မြင်သာပေမဲ့ ဒီလျှောင်ကြောင့်တော့ EAOs တွေရဲ့ စစ်ရေး၊ နိုင်ငံရေးတွက်ချက်မှုမဟာဗျူဟာ (strategic calculus) မှာ အပြောင်းအလဲဖြစ်ဖွယ် သိပ်မရှိပါဘူး။ ပဋိပက္ခအရှိန်လျှော့ရေးကို လျှောင်ကယ်ဆယ်ကူညီရေးပေါ် မူတည်တာထက် အခြားအကြောင်းအကျိုးတွေ (နယ်မြေနဲ့ ပဋိပက္ခ စီးပွားရေးကို ပိုမိုထိန်းချုပ်နိုင်ရေး၊ စေ့စပ်ရေးလိုအပ်လာရင် အပေါ်စီးရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေး စတာတွေ) အပေါ်မူတည် တွက်ချက်ဖွယ်ရှိပါတယ်။ EAOs တချို့က အကျိုးစီးပွား တွက်ချက်ဆင်ခြင်မှုပေါ် အခြေမခံဘဲ၊ လူမျိုး၊ နယ်မြေဒေသကို အခြေပြုမစဉ်းစားဘဲ ပြည်ထောင်စုအမြင်သဘောထားကြီးမှု စေတနာအရင်းခံနဲ့ ပဋိပက္ခအရှိန်လျှော့ရေး၊ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ချင်ရင်တောင် ယုံကြည်မှု (trust) မရှိတဲ့ သမိုင်းအတွေ့အကြုံက အဟန့်အတား ဖြစ်ဖွယ်ရှိပါတယ်။ စစ်ကောင်စီဥက္ကဋ္ဌကို မယုံကြည်တာကနေ ဒေသတွင်းဖျန်ဖြေပေးမယ့်နိုင်ငံတွေအနေနဲ့ နိုင်ငံတော်အာဏာ လက်ကိုင်ရှိထားသူမဟုတ်တဲ့ (non-state actors) တိုင်းရင်းသား EAOs တွေအပေါ် သမာသမတ်ကျနိုင်ပါ့မလားဆိုတာကိုလည်း သံသယရှိကြမှာဖြစ်ပါတယ်။

လက်ရှိပြုမူပုံတွေအရဆို စစ်ကောင်စီဘက်ကလည်း လေကြောင်းအပါအဝင် အခြားတိုက်ခိုက်မှုတွေကို လျှော့ဖွယ်မရှိပါဘူး။ စစ်ကောင်စီဟာ လုံခြုံရေးအန္တရာယ်နဲ့ ဘေးကျပ်နံကျပ်အခြေအနေ (security dilemma) ကို စဉ်းစားရာမှာ ပါးကိုက်လို့ နားပြန်ကိုက်ဆိုတာမျိုးသာမက၊ အရှိန်မချတမ်း စစ်ဘောင်ချဲ့ရေးကို စွန့်လွှတ်လိုပုံမရပါဘူး။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က ယာယီအပစ်ရပ်ကြေညာထားပေမဲ့ EAOs တွေလို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ထီးပြိုင်နန်းပြိုင် တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်နေတာလို့ မခံယူဘဲ ထီးသိမ်းနန်းသိမ်း နေပြည်တော်သိမ်းပြီး စနစ်တခုလုံး ပြောင်းလဲရေးအတွက် ကြိုးဝါးတော်လှန်နေတဲ့ ဗမာ PDF တွေအများစုကတော့ လျှောင်ကြောင့် ပဋိပက္ခအရှိန်လျှော့ရေးကို ရေရှည်စဉ်းစားချင်ပုံမရပါဘူး။ မစေ့စပ်စတမ်း တိုက်ပွဲဝင်ဖို့ ထောက်ခံအားပေးတဲ့ ပြည်ပ

ရောက် မြန်မာတက်ကြွလှုပ်ရှားသူတွေနဲ့ ဆိုရှယ်မီဒီယာရဲ့ဩဇာကြောင့်လည်း မီးလောင်ရာလေပင့်ဖြစ်စေမှာပါ။ တချိန်တည်းမှာ လုံခြုံရေးနဲ့ပတ်သက်ရင် ပြည်သူကိုကြောက်ရွံ့ပြီး သွေးပျက်တတ်တဲ့ စစ်ကောင်စီဟာ ပြည်တွင်းအရပ်ဘက်အဖွဲ့တွေနဲ့ သူတို့ရဲ့ ပါဝင်ကူညီမှုတွေကို လမ်းဖွင့်မပေးဘူး၊ သူတို့ရဲ့ အမြင်၊ အာဘော်၊ အသံတွေကို ဖော်ထုတ်ခွင့်ပိတ်ပင်အုံးမယ် (ဥပမာ- VPN ဖွင့်မပေးတာ၊ နိုင်ငံခြားသတင်းထောက်တွေကို ဝင်ခွင့်ကန့်သတ်တာမျိုး) ဆိုရင် ပြည်တွင်းကာယကံရှင်တွေရဲ့ (နှိုင်းယှဉ်ချက်အရ ပျော့ပျောင်းနိုင်ခြေရှိတဲ့) အသံဟာ ဆိုရှယ်မီဒီယာဆူညံသံတွေအောက်မှာ ဖုံးကွယ်လို့ ပဋိပက္ခဟာ အရှိန်လျော့ဖွယ်မမြင်ပါဘူး။ ဒီအကဲဖြတ်ချက်ကို ၁၉၇၅ ခုနှစ်ကနေ ၂၀၀၂ ခုနှစ်အထိ နိုင်ငံပေါင်း ၁၈၅ နိုင်ငံရဲ့ ငလျင်ဘေးနဲ့ ပဋိပက္ခအရေး ဆက်စပ်လေ့လာခဲ့တဲ့ သုတေသနတခု (Brancati, 2007) နဲ့ ဆက်စပ်နားလည်လို့ ရနိုင်ပါတယ်။ ဒီသုတေသနဖော်ပြချက်မှာ ငလျင်ဟာ ပဋိပက္ခကို ပိုတိုးစေရုံမကဘူး၊ ငလျင်လှုပ်တဲ့ဒေသဟာ GDP နိမ့်ပြီး လူဦးရေထူထပ်၊ တင်းကြိုပဋိပက္ခတွေလည်း ရှိထားမယ်၊ ငလျင်ပြင်းအားကလည်းကြီးမယ်ဆိုရင် ထိခိုက်မှုတွေ ပိုဆိုးမယ်လို့ ဆိုထားပါတယ်။

တကယ်လို့ NUG ရဲ့ နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးမှာ ကျန် အဓိကရ EAOs တွေပါ ပူးပေါင်းပါဝင်လာမယ်ဆိုရင် ဒါဟာ ပဠမဖြစ်တန်ခြေ အခွင့်အလမ်းကောင်းတခု ဖြစ်နိုင်ပါတယ်။ ဒီနေရာမှာ အပစ်အခတ်ရပ်စဲရေးကို နည်းနာအရ ပဋိပက္ခအရှိန်လျှော့ချရေး (tactical de-escalation) နဲ့ မဟာဗျူဟာမြောက် ပဋိပက္ခအရှိန်လျှော့ချရေး (strategic de-escalation) ဆိုပြီး နှစ်မျိုးခွဲခြား သုံးသပ်နိုင်ပါတယ်။ လက်ရှိပေါ်နေတဲ့ အခွင့်အလမ်းကောင်းအရ အပစ်ခတ်ရပ်တာဟာ ငလျင်ကယ်ဆယ်ရေး စီမံခန့်ခွဲမှု (logistics) အဆင်ပြေစေဖို့၊ အရပ်သားပြည်သူတွေကို ကာကွယ်ဖို့၊ ပြည်တွင်းပြည်ပကယ်ဆယ်ကူညီရေးတွေကို ပိတ်ဆို့တာမလုပ်ဖို့၊ လူသားစာနာစိတ်ပြသနိုင်ဖို့ ယာယီနဲ့ နည်းနာသဘော ပဋိပက္ခအရှိန်လျှော့ချခြင်း (tactical de-escalation) ပဲဖြစ်ပါတယ်။ တကယ်လို့ ဒီအခွင့်လမ်းကောင်းကို ချဲ့ထွင်ပြီး မဟာဗျူဟာမြောက် ပဋိပက္ခအရှိန်လျှော့ချရေး (Strategic de-escalation) ကို ဆောင်ရွက်ချင်တယ်ဆိုရင် ယာယီအပစ်ရပ်ရေးကိုသာမက နိုင်ငံရေးအဖြေရှာရေးအထိ ရေးရှုစေမယ့် ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်ချက်တွေ (confidence-building measures) ရှိရပါမယ်။ ဥပမာ- ဘေးကင်းဇုန်တွေ (safe zones) ဖန်တီးပေးတာ၊ လူသားစာနာအကူအညီပေးရေး စင်္ကြံတွေ (humanitarian corridors) ဖော်ဆောင်ဖို့အတွက် ညှိနှိုင်းတာ၊ ဘက်အသီးသီးက ပူးတွဲကူညီကယ်ဆယ်ရေး (joint aid management) ကိုစတင်ပြောတာ၊ CDM ဝန်ထမ်းတွေ ကူညီကယ်ဆယ်ရေးမှာ ပါဝင်ခွင့်ရအောင်ညှိနှိုင်းတာ၊ ငလျင်ကြောင့်ရော စစ်ကြောင့်ပါ အိုးအိမ်နေရပ်စွန့်ခွာသူတွေအရေး ညှိနှိုင်းတာ၊ လွတ်လပ်တဲ့ မီဒီယာတွေနဲ့ အရပ်ဘက်အဖွဲ့၊ ရပ်ရွာအခြေပြုအဖွဲ့ (CSOs and CBOs) တွေကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိစေရေး ညှိနှိုင်းတာ စသည်ဖြင့် ရှိနိုင်ပါတယ်။ ဒီကတဆင့် ကပ်ဘေးလွန်တည်ဆောက်ရေးနဲ့ (ရွေးကောက်ပွဲ ရွှေ့ဆိုင်းရေးစတဲ့) လိုအပ်တဲ့

# နိုင်ငံတကာကူညီမှု အမေရိကန်ဒေါ်လာ သန်း ၅၀ ထက်မနည်းရှိလာ

## အလေးထားရမည့် ဒေတာအချက်အလက် အမှတ်-၁၅၁



၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြီးအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် နိုင်ငံတကာကူညီမှု အမေရိကန်ဒေါ်လာ သန်း ၅၀ ထက်မနည်းရှိလာသည်။ ထိုပမာဏသည် ငလျင်ကြီးအပြီး မတ် ၃၀ ရက်အထိ ထုတ်ပြန်ချက်များကို အခြေခံထားသည်။ ထိုအထဲတွင် ငွေကြေး ကတိကဝတ်ပြုခြင်းများအပြင် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် ပစ္စည်းများ ထောက်ပံ့ကူညီခြင်းတို့လည်းပါဝင်သည်။ တရုတ်နိုင်ငံ၏ကူညီမှုသည် အများဆုံးဖြစ်ပြီး ယွမ် သန်း ၁၀၀ တန်ဖိုးရှိ လူသားစာနာအကူအညီများနှင့်အတူ ကယ်ဆယ်ရေးအဖွဲ့ဝင် စေလွှတ်မှုတွင်လည်း အများဆုံးဖြစ်ခဲ့သည်။

| နိုင်ငံ | ပမာဏ | ပမာဏ (အမေရိကန်ဒေါ်လာ) |
|---|---|---|
| တရုတ် | ယွမ် သန်း ၁၀၀ | ၁၄ သန်း |
| ဥရောပသမဂ္ဂ | ယူရို ၂.၅ သန်း | ၂.၇ သန်း |
| စင်ကာပူ | စင်ကာပူဒေါ်လာ ၁ သိန်းခွဲ | ၀.၁ သန်း |
| တောင်ကိုရီးယား | အမေရိကန်ဒေါ်လာ ၂ သန်း | ၂ သန်း |
| ဗြိတိန် | စတာလင်ပေါင် ၁၀ သန်း | ၁၂.၆ သန်း |
| ဩစတြေးလျ | အမေရိကန်ဒေါ်လာ ၂ သန်း | ၂ သန်း |
| အမေရိကန် | အမေရိကန်ဒေါ်လာ ၂ သန်း | ၂ သန်း |
| ကမ္ဘောဒီးယား | အမေရိကန်ဒေါ်လာ ၁ သိန်း | ၀.၁ သန်း |
| ဗီယက်နမ် | အမေရိကန်ဒေါ်လာ ၃ သိန်း | ၀.၃ သန်း |
| မလေးရှား | ရင်းဂစ် ၁၀ သန်း | ၂.၁ သန်း |
| နော်ဝေ | နော်ဝေခရိုနာ သန်း ၁၂၀ | ၁၂ သန်း |
| ထိုင်ဝမ်ကြက်ခြေနီ | အမေရိကန်ဒေါ်လာ ၅ သောင်း | ၀.၀၅ သန်း |

ISP-Myanmar က မတ် ၃၀ ရက်အထိ စုစည်းထားသော အချက်အလက်များကို အခြေခံ၍ တွက်ချက်ထားသည်။ ကနဦးအချက်အလက်များဖြစ်ပြီး အပြောင်းအလဲရှိနိုင်ပါသည်။ အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်သည့် နှုန်းထားများမှာ ဈေးကွက်ပေါက်ဈေးပေါ်မူတည်၍ ခန့်မှန်းဖော်ပြထားခြင်းဖြစ်သည်။

## ■ နာရီ ၆၀ အတွင်း နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့ဝင် ၁,၀၀၀ နီးပါး ရောက်လာ

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော စစ်ကိုင်းငလျင်ကြီးအပြီး နာရီ ၆၀ အတွင်း နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့ဝင် ၉၈၅ ဦး မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ အဆိုပါအဖွဲ့များမှာ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကဖြစ်သည်။

| တရုတ်နိုင်ငံ | အိန္ဒိယနိုင်ငံ | ရုရှားနိုင်ငံ | စင်ကာပူနိုင်ငံ | ဗီယက်နမ်နိုင်ငံ | မလေးရှားနိုင်ငံ | ထိုင်းနိုင်ငံ |
|---|---|---|---|---|---|---|
| ၂၈၈ ဦး | ၂၃၆ ဦး | ၁၇၀ ဦး | ၈၀ ဦး | ၁၀၆ ဦး | ၅၀ ဦး | ၅၅ ဦး |

ISP-Myanmar က မတ် ၃၀ ရက်အထိ စုစည်းထားသောအချက်အလက်များကို အခြေခံ၍ တွက်ချက်ထားသည်။ မတ် ၃၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကူညီကယ်ဆယ်ရေးပစ္စည်းများရောက်ရှိလာပြီး ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်အရေအတွက်ကို မသိရသေးပါ။ အမေရိကန်၊ ယူအေအီး၊ လာအို၊ ဖိလစ်ပိုင်နှင့် ဘီလာရုစ်နိုင်ငံတို့အပြင် အခြားနိုင်ငံများကလည်း ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်လျက်ရှိသည်။

▶ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်ပြီး ဖွဲ့စည်းပုံအရေးစတဲ့ အင်စတီကျူးရှင်းပြုပြင်ပြောင်း လဲမှုစတာတွေကို စေ့စပ်ဆွေးနွေးနိုင်ကြဖို့ ဖြစ်ပါတယ်။ ဒီလမ်းကြောင်းပေါ်ထွန်းဖို့ NUG၊ အဓိကကျတဲ့ EAOs၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နဲ့ ၈၈ မျိုးဆက်စတဲ့ ပြည်တွင်း နိုင်ငံရေးပါတီအဖွဲ့အစည်းတွေက ဦးဆောင်နိုင်ပါတယ်။ ဒါပေမဲ့ ဒီလို ပြည်သူနဲ့ ပြည်ထောင်စုအပေါ် စေတနာထားတဲ့၊ တိုင်းပြည်အတွက် ဂုဏ်သိက္ခာရှိတဲ့လမ်းကြောင်းမျိုးကို စစ်ကောင်စီအနေနဲ့ လိုက်ပါလျှောက်လှမ်းဖို့ကတော့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ အာဆီယံနဲ့ ကုလသမဂ္ဂ စတဲ့ ဒေသတွင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ဖိအားပေးတိုက်တွန်းကြရမှာပါ။ ဒါကိုပဲ လျှင်သံခင်းတမန်ခင်း (earthquake diplomacy) ဆိုတဲ့ ကပ်ဘေးပေါ်အခြေပြုပြီး ပဋိပက္ခဖြစ်ပွားနေတဲ့ ဘက်အသီးသီး အကြားမှာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပဋိပက္ခကို အရှိန်လျှော့ချပြီး ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် အားထုတ်ခြင်းလို့ ညွှန်းဆိုနိုင်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်စွမ်းမရှိရင်တော့ လူသားစာနာကတဆင့် မဟာဗျူဟာမြောက် ပဋိပက္ခအရှိန်လျှော့ချရေးဖြစ်တန်ခြေ အားမကောင်းလှပါဘူး။ ဒါပေမဲ့ သံခင်းတမန်ခင်း သိုသိုသိပ်သိပ် အားထုတ်မှုပဲဖြစ်ဖြစ်၊ အများပြည်သူကလိုလားလို့ ဆန္ဒထုတ်ဖော်တာပဲဖြစ်ဖြစ် တန်ဖိုးထားအားပေးရမှာပါ။ အနိမ့်ဆုံးအနေနဲ့ နည်းနာသဘော ပဋိပက္ခအရှိန်လျှော့ချဖို့၊ အပစ်ရပ်စဲဖို့ သဘောတူကြတယ်ဆိုရင်ပဲ တိုင်းပြည်အတွက် အဆိုးထဲက နမူနာကောင်းတရပ်ဖြစ်နိုင်တယ်လို့ မှတ်ယူရမှာပါပဲ။ Kelman (2012) ထောက်ပြသလိုပဲ ‘အတိဒုက္ခအပျက်အစီးတွေကြားက ရှန်းထွက်ပြီး ငြိမ်းချမ်းရေးဖန်တီးခြင်း’ (peace from the ruins) ဆိုတဲ့ ဇာတ်ပေါင်းကောင်းတဲ့ဖြစ်စဉ် ပေါ်ထွန်းရေး ကြိုးပမ်းတဲ့ လျှင်သံခင်းတမန်ခင်းဟာ အသွားနှစ်ဖက်ပါတဲ့ ဓားလိုပါပဲ။

၂၀၂၄ ခုနှစ်အတွင်းကလည်း မြန်မာ့လူဦးရေရဲ့ **၅ ဒသမ ၆ သန်း**ကျော် ရေဘေးသင့်ခဲ့ပြီး စိုက်ပျိုးမြေ ဧရိယာ **၂၄ ရာခိုင်နှုန်း**နီးပါး ရေလွှမ်းမိုးခံခဲ့ရပါတယ်။ ဒါက ဥတုကပ်ဘေးရိုက်ခတ်မှုရဲ့ တစိတ်တပိုင်း မျှသာ ဖြစ်ပါတယ်။ စစ်ဘေးနဲ့ ဥတုကပ်ဘေးကို ရင်ဆိုင်နေရချိန်မှာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း **နေ့စဉ်ဘဝငြိမ်းချမ်းရေး** (everyday peace) အတွက် ချန်ပီယံကောင်းတွေပေါ်ထွက်ဖို့ လိုနေပါတယ်။ ဒီအကြောင်း သုတေသနအခြေပြု သုံးသပ်ချက်ကို ISP-Myanmar ဝက်ဘ်ဆိုက်မှာ ဖတ်နိုင်ပါတယ်။

SCAN THIS CODE

# ဘေးနှစ်သွယ်အမြွှာဆင့်ချိန်

## ဥတုကပ်ဘေးနှင့် သတိပြုဖွယ်သုံးချက်

တဖက်မှာလည်း စစ်ကောင်စီကို တရားဝင်မှုပေးသလိုဖြစ်နိုင်တာ အခြားတဖက်မှာလည်း သူနိုင်ကိုယ်နိုင် ပဋိပက္ခထက် လူသားစာနာမှုကို အထွတ်တင်ခြင်းအားဖြင့် သားရှေ့အိုးထမ်းလာတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အကျပ်အတည်းကနေ အလိုအလျောက် အပြောင်းအလဲကို ရှေးရှုတယ်ဆိုတာ လူ့သမိုင်းမှာ ရှာမှရှားဆိုတာမျိုးပါ။ အကျပ်အတည်းက လမ်းဖွင့်ပေးတဲ့ အခွင့်အလမ်းကို မဟာဗျူဟာကျကျ ဆုပ်ကိုင်နိုင်ပါမှ အကျပ်အတည်းကြောင့်ဖြစ်လာတဲ့ သမိုင်းဆိုင်ရာအတိမ်းအစောင်းကို ရှောင်ကွင်းနိုင်ပြီး သမိုင်းဆိုင်ရာအလှည့်အပြောင်းကိုဖြစ်စေမှာပါ။ လျှောင်ဘေးနဲ့ သဘာဝဘေးက အပြောင်းအလဲကို ဖန်တီးမှာမဟုတ်ပါဘူး။ လူတွေကသာ အပြောင်းအလဲကို ဖန်တီးရမှာပါ။ ကပ်ဘေးက အခွင့်အလမ်းတံခါးကို ဖွင့်ပေးပါတယ်။ ဘက်အသီးသီးမှာရှိတဲ့ ခေါင်းဆောင်တွေရဲ့ လူ့မနောက ဝင်ရောက်ဖို့ငြင်းဆန်ရင်တော့ မြန်မာ့လူဘောင်ဟာ အဆိုးကျော့သံသရာထဲမှာ ဆက်ကြာနေအုံးမှာ ဖြစ်ပါတယ်။ ■

စာညွှန်း

Brancati, D. (2007). Political aftershocks: The impact of earthquakes on intrastate conflict. *Journal of Conflict Resolution*, 51(5), 715–743.

Kelman, I. (2012). *Disaster diplomacy: How disasters affect peace and conflict*. Routledge.

Institute for Strategy and Policy-Myanmar
+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com
www.ISPMyanmar.com